# ပြည်ထောင်စုအဆင့် ဘဏ္ဍာရေးကော်မရှင်က ပြည်နယ်နှင့်တိုင်းဒေသကြီးများအား ဘတ်ဂျက်ခွဲဝေရာတွင် ပွင့်လင်းမြင်သာမှုမရှိရုံသာမက ဓမ္မဓိဋ္ဌာန်ကျသော စံချိန်စံညွှန်းများ အသုံးပြုထားခြင်းမရှိဟု ဆို



MDRI, IGC နှင့် The Asia Foundation မှပြုလုပ်သည့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာထုတ်ပြန်ပွဲအား တွေ့ရစဉ်

ပြည်ထောင်စုအဆင့် ဘဏ္ဍာရေးကော်မရှင်မှ ပြည်နယ်နှင့် တိုင်းဒေသကြီးများအား ဘတ်ဂျက်ခွဲဝေရာတွင် ပွင့်လင်းမြင်သာမှု မရှိရုံသာမက ဓမ္မဓိဋ္ဌာန်ကျသော စံချိန်စံညွှန်းများကို အသုံးပြုထားခြင်းလည်းမရှိဟု Australian Department of Foreign Affairs and Trade မှ ရန်ပုံငွေပံ့ပိုးမှုဖြင့် အာရှဖောင်ဒေးရှင်း၊ VNG International နှင့် မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့ အစည်း- စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ တို့မှ ဆောင်ရွက်ခဲ့သော သင်တန်းလိုအပ်ချက်များ ဆန်းစစ်ခြင်းနှင့် ကနဦးသင်တန်းပေးခြင်း တို့မှ လေ့လာတွေ့ရှိချက်များအရ သိရသည်။

အဆိုပါ လေ့လာတွေ့ရှိချက်များတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသည် ဘတ်ဂျက်ဦးစားပေးအစီအစဉ်များ ရေးဆွဲသတ်မှတ်ရာတွင် ဥပဒေအရ လုပ်ပိုင်ခွင့် အပြည့်အဝရှိသော်လည်း လက်တွေ့ဘတ်ဂျက်သုံးစွဲနိုင်မှုမှာ ပြည်ထောင်စုအဆင့် ဘဏ္ဍာရေးကော်မရှင်၏ ဆုံးဖြတ်ချက်အတိုင်းသာဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် ပြည်ထောင်စုဘတ်ဂျက်မှ မည်ကဲ့သို့ ခွဲဝေရမည်ကို ဘဏ္ဍာရေးကော်မရှင်မှ နောက်ဆုံးအဆုံးအဖြတ်ပေးပြီး ထိုဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုမရှိရုံမျှမက ဓမ္မဓိဋ္ဌာန်ကျသော စံချိန်စံညွှန်းများကို အသုံးပြုခြင်းမရှိကြောင်းလည်း လေ့လာတွေ့ရှိချက်တွင် ဖော်ပြထားသည်။

ထို့ပြင် မူဝါဒချမှတ်ခြင်း၊ အခွန်အတုတ်သတ်မှတ်စည်းကြပ်ခြင်း၊ အစိုးရရန်ပုံငွေများကောက်ခံခြင်းစသော လုပ်ငန်းစဉ်တစ်ခုလုံးသည်လည်း ပြီးပြည့်စုံခြင်းမရှိသေးသော်လည်း ပိုမိုတိုးတက်ကောင်းမွန်အောင်လုပ်ဆောင်နိုင်သည့်နေရာများစွာ ရှိနေကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် ထပ်တိုးဘတ်ဂျက်ခေါင်းစဉ်အောက်မှ နောက်ထပ်အပိုဆောင်းရန်ပုံငွေများ တောင်းခံခွင့်ရှိနေခြင်းသည် တိကျခိုင်မာသော ဘတ်ဂျက်ပြင်ဆင်ရေးဆွဲသည့် အလေ့အထထွန်းကားရေးကို အနှောင့်အယှက် အဟန့်အတားဖြစ်နေပြီး စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်လျာထားသတ်မှတ်ခြင်းလုပ်ငန်းစဉ်များတွင် ပြည်သူများ ပူးပေါင်းပါဝင်မှုရှိစေရေးမှာလည်း အကောင်အထည်မပေါ်ဘဲရှိနေသေးကြောင်း လေ့လာတွေ့ရှိချက်တွင် ထည့်သွင်းရေးသားထားသည်။

ယင်းအပြင် လက်ရှိကျင့်သုံးနေသော ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း အများစုသည် ခေတ်နှင့်မဆီလျော်တော့ကြောင်း၊ မိမိအဖွဲ့အစည်းအတွင်း မည်သည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပေါင်းစပ်ရွေးချယ် အသုံးပြုမည်ဆိုသည်ကို သက်ဆိုင်ရာ ဘတ်ဂျက်သုံးစွဲသည့် အဖွဲ့အစည်းများရှိ ငွေစာရင်းဌာနများက ဆုံးဖြတ်လေ့ရှိကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် တစ်သမတ်တည်း ရှိမနေဘဲ ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခုအကြား၊ ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုနှင့် တစ်ခုအကြားကွဲပြားခြားနားမှုများ ရှိနေကြောင်းလည်း ဖော်ပြထားသည်။

ပြည်ထောင်စုအဆင့် ဘဏ္ဍာရေးကော်မရှင်တွင်ဥက္ကဋ္ဌအဖြစ် သမ္မတဦးသိန်းစိန်၊ ဒုဥက္ကဋ္ဌအဖြစ် ဒုသမ္မတများမှ တာဝန်ယူထားပြီး အတွင်းရေးမှူးအဖြစ် ဘဏ္ဍာရေးဝန်ကြီးမှ တာဝန်ယူထားကာ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့ ပါဝင်ကြောင်းလည်း သိရသည်။

နီလာ၊ ဆန်းထူးအောင်

